# ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

## ၂၀၂၁ ခုနှစ်အတွင်း လက်ခံရရှိခဲ့သည့် သတင်းပို့ချက်များအပေါ် စိစစ်သုံးသပ်ချက်အစီရင်ခံစာ

**နိဒါန်း**

၁။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် သတင်းပို့အဖွဲ့အစည်းများ၊ အခြားသော အရင်းအမြစ်များထံမှ သတင်းပို့ချက်များကို လက်ခံခြင်း၊ လက်ခံရရှိသည့် သတင်းပို့ချက်များနှင့် ပတ်သက်၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်သက်ဆိုင်သည့် မိမိအဖွဲ့တွင် ထိန်းသိမ်းထားရှိသော သတင်းအချက်အလက်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းဌာန များမှ ရရှိသည့် သတင်းအချက်အလက်များနှင့် အခြားသောအရင်းအမြစ်များမှ ရရှိသည့် သတင်း အချက်အလက်များဖြင့် တိုက်ဆိုင်စိစစ်ခြင်း၊ စိစစ်ချက်အရ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် စပ်ဆိုင်သည်ဟုလည်းကောင်း၊ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သည့်ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှ ရရှိသော ငွေကြေးနှင့် ပစ္စည်းများနှင့် စပ်ဆိုင်သည်ဟုသော်လည်းကောင်း သံသယဖြစ်ဖွယ် တွေ့ရှိပါက စိစစ်တွေ့ရှိချက်ရလဒ်ကို တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများထံ ဖြန့်ဝေခြင်းစသည့် ငွေကြေး ခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေ ၁၀(က)၊ (ခ)နှင့် (ဂ)တို့ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက် ရှိပါသည်။

၂။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ၂၀၂၁ ခုနှစ်အတွင်း သတ်မှတ်ပမာဏနှင့် အထက်ကျော်လွန်သည့် ငွေကြေး/ပစ္စည်းလွှဲပြောင်းမှုသတင်းပို့ချက် (၄၆၁၄၄၇)စောင်၊ သံသယ ဖြစ်ဖွယ်သတင်းပို့ချက် (၄၄၂)စောင် လက်ခံရရှိခဲ့ပြီး သံသယဖြစ်ဖွယ်စိစစ်တွေ့ရှိချက် (၉၄)စောင်အား သက်ဆိုင်ရာတရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများသို့ ဖြန့်ဝေနိုင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း လက်ခံစိစစ်ဖြန့်ဝေခဲ့သည့် သတင်းပို့ချက်များနှင့်ပတ်သက်၍ သတင်းပို့အဖွဲ့အစည်း အမျိုးအစား၊ ငွေပေးချေမှုနည်းလမ်း၊ သတင်းပေးပို့သည့်နေရာဒေသ၊ သံသယဖြစ်ဖွယ်သတင်းပို့ချက်များ ရရှိဖြန့်ဝေ နိုင်မှုတို့အား အခြေခံ၍ ကိန်းဂဏန်းဆိုင်ရာစိစစ်တင်ပြချက် (Statistical Analysis Report)အဖြစ် ပြုစုတင်ပြအပ်ပါသည်။

## ရည်ရွယ်ချက်

၃။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ ဖြစ်ပွားနေသည့် အခြေအနေများ(ML/TF Situation)ကို ပိုမိုနားလည်စေရန်လည်းကောင်း၊ ကြီးကြပ်ရေး အာဏာပိုင်များအနေဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း (Onsite Inspection)နှင့် ရုံးထိုင်စစ်ဆေးခြင်း (Offsite Inspection)တို့ ဆောင်ရွက်ရာတွင်လည်းကောင်း၊ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်းကောင်း ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပါသည်။

## သတင်းပို့အဖွဲ့အစည်းအမျိုးအစားအလိုက် သုံးသပ်ချက်

| No. Of TTRs | | | |
|---|---|---|---|
| **Year** | **No. Of TTRs** | **Change (number)** | **Change (Percentage)** |
| 2019 | 769955 | - | - |
| 2020 | 734622 | - 35333 | -4.5 % ↓ |
| 2022 | 461447 | -273175 | -37.2% ↓ |

၄။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့အဖွဲ့အစည်းများမှ သတင်းပေးပို့ရာတွင် ဘဏ်များမှ သတင်းပေးပို့မှုမှာ အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၂၀၂၂ ခုနှစ်အတွင်း သတင်းပို့ချက်စုစုပေါင်း (၄၆၁၄၄၇)စောင် လက်ခံရရှိခဲ့ပြီး ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက သတင်း ပို့ချက်များ လျော့နည်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုသို့လျော့နည်းရခြင်းမှာ ၂၀၁၉ ခုနှစ်၊ နှစ်ကုန် ပိုင်းတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါစတင်ပြန့်ပွားခဲ့ပြီးနောက် ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ်တို့တွင် အချို့သောစီးပွားရေးလုပ်ငန်းများ ရပ်နားထားရခြင်း၊ နိုင်ငံခြားခရီးသွားလာမှုများ ကန့်သတ်ထားရခြင်းတို့ကြောင့်ဖြစ်ကြောင်း သုံးသပ်ရပါသည်။ ထို့အပြင် ၂၀၂၁ ခုနှစ်အတွင်းတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ရုံးပိတ်ရက်ရှည်များ သတ်မှတ်သဖြင့် ဘဏ်လုပ်ငန်းရပ်နားထားရခြင်းနှင့်

ငွေသားထုတ်ယူမှုဆိုင်ရာ ကန့်သတ်ချက်များ ဖြစ်ပေါ်ခဲ့ခြင်းတို့ကြောင့် ဘဏ်များ၏ သတင်းပို့ချက်များ လျော့နည်းခဲ့ကြောင်း တွေ့ရှိရပါသည်။

| Reports by Non-Banks Financial Institutions | | | |
|---|---|---|---|
| **Reporting Entities** | **2020** | **2021** | **Change** |
| Microfinance | 5640 | 2075 | - 63% ↓ |
| Insurance | 88 | 254 | +188% ↑ |
| Stock Exchange | 135 | 6 | - 95% ↓ |
| Share | 25 | 5 | -80% ↓ |

၅။ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ သတင်းပို့ချက်များ လက်ခံရရှိမှုအနေဖြင့် အာမခံလုပ်ငန်းများမှ သတင်းပို့ချက်များမှာ ၂၀၂၀ ခုနှစ်နှင့်နှိုင်းယှဉ်ပါက (၃)ဆခန့် တိုးတက်လာကြောင်း တွေ့ရှိရပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ စတော့အိပ်ချိန်းနှင့် ရှယ်ယာရောင်းဝယ်မှု သတင်းပို့ချက်များမှာ လျော့နည်းသွားကြောင်း တွေ့ရှိရပါသည်။ အသေးစား ငွေရေးကြေးရေးလုပ်ငန်း၊ စတော့အိပ်ချိန်းနှင့် ရှယ်ယာရောင်းဝယ်မှု သတင်းပို့ချက်များ လျော့နည်းရခြင်းမှာ ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းကာလနှင့် ဘဏ်များမှ ငွေသားထုတ်ယူမှု ကန့်သတ်ထားသည့် ကာလတို့ဖြစ်ခြင်းကြောင့် စီးပွားရေးလုပ်ငန်းများ အပြည့်အဝပြန်လည် လုပ်ဆောင်နိုင်မှု မရှိသေးခြင်းကြောင့်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

| Reports By DNFBPs | | | |
|---|---|---|---|
| **Reporting Entities** | **2020** | **2021** | **Change** |
| Real Estate | 3588 | 3181 | -11 % ↓ |
| Gems | 1340 | 992 | -26 % ↓ |
| Cash Courier | 31 | 0 | -100% ↓ |

၆။ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှ သတင်းပို့ချက်များ လက်ခံရရှိမှုအနေဖြင့် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက

အိမ်ခြံမြေကဏ္ဍတွင် ၁၁ ရာခိုင်နှုန်း၊ ကျောက်မျက်ကဏ္ဍတွင် ၂၆ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုသို့လျော့နည်းသွားခြင်းမှာ ၂၀၂၁ ခုနှစ်အတွင်း ကိုဗစ်-၁၉ တတိယလှိုင်း ဖြစ်ပေါ်ခဲ့ခြင်းနှင့် ဘဏ်များမှငွေသားထုတ်ယူမှုဆိုင်ရာ ကန့်သတ်ချက်များ ချမှတ်ခဲ့ခြင်းတို့ကြောင့် ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် မြေပြင်အခြေအနေများကြောင့် အိမ်ခြံမြေဈေးနှုန်းများနှင့် ကျောက်မျက်ရတနာဈေးနှုန်းများ မြင့်တက်ခဲ့ပြီး အရောင်းအဝယ်ကျဆင်းခဲ့ခြင်းကြောင့် ဖြစ်နိုင်ကြောင်း သုံးသပ်ရပါသည်။

၇။ နိုင်ငံဖြတ်ကျော် ငွေသားသယ်ဆောင်မှု သတင်းပို့ချက်အနေဖြင့် ၂၀၂၁ ခုနှစ်၌ လက်ခံရရှိမှု မရှိခဲ့ကြောင်းတွေ့ရှိရပြီး နိုင်ငံတကာလေဆိပ်များအပါအဝင် ပြည်ပခရီးသွားလာမှုများ ကန့်သတ်ထားခြင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ကန့်သတ်ထားခြင်း တို့ကြောင့်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

| No. of Property Transaction Report (Real Estate) | | | |
|---|---|---|---|
| **Year** | **No. PTR** | **Change (number)** | **Change (Percentage)** |
| 2019 | 1384 | - | - |
| 2020 | 3588 | 2204 | 159 % ⬆ |
| 2021 | 3181 | -407 | -11 % ⬇ |

**ငွေပေးချေမှုနည်းလမ်းအလိုက်သုံးသပ်ချက်**

၈။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့အဖွဲ့အစည်းများမှ ပေးပို့လာသည့် သတင်းပို့ချက်များအား ငွေကြေးလွှဲပြောင်း ဆောင်ရွက်မှု နည်းလမ်းများအလိုက် စိစစ်သုံးသပ်ရာ အဓိကအားဖြင့် ငွေသားဖြင့် လွှဲပြောင်းဆောင်ရွက်မှု အများဆုံးပြုလုပ်သည်ကို တွေ့ရှိရပြီး ချက်လက်မှတ်ဖြင့်လည်းကောင်း၊ အီလက်ထရောနစ် နည်းလမ်းဖြင့် လည်းကောင်း ငွေကြေးလွှဲပြောင်းခြင်းများ ပြုလုပ်ကြောင်း တွေ့ရှိရ



ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ရာ ငွေသားအခြေပြုပေးချေမှုစနစ်(Cash-based)ကို အသုံးပြုမှုများသဖြင့် ငွေသားလွှဲပြောင်းဆောင်ရွက်မှု အများဆုံးဖြစ်ပါသည်။ ဘဏ်လုပ်ငန်းစနစ်များတွင် ဖွံ့ဖြိုးတိုးတက်မှုများရှိသော်လည်း ၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်များတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် မြေပြင်အခြေအနေများကြောင့် စီးပွားရေး လုပ်ငန်းကြီးများနှင့် ဘဏ်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် လည်ပတ်နိုင်ခြင်းမရှိသဖြင့် အီလက်ထရောနစ်နည်းလမ်းဖြင့် လွှဲပြောင်းမှုနည်းပါခြင်း ဖြစ်နိုင်ကြောင်း သုံးသပ်ရပါသည်။

**သတင်းပေးပို့သည့်နေရာဒေသအလိုက် သုံးသပ်ချက်**

၉။ သံသယဖြစ်ဖွယ်သတင်းပို့ချက် အရေအတွက်ကိုကြည့်ပါက ယခင်နှစ်ထက်လျော့နည်းသွားသည်ကို တွေ့ရှိရပြီး ပေးပို့ခဲ့သည့်နေရာဒေသအလိုက် ခွဲခြားစိစစ်ပါက ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ အများဆုံးပေးပို့ခဲ့သည်ကို တွေ့ရှိရပါသည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုနှင့်အတူ နိုင်ငံအတွင်းစီးပွားရေး လုပ်ငန်းများ အကန့်အသတ်ဖြင့် ဆောင်ရွက်လာကြရာ ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများလည်း လျော့နည်းသွားပြီး သံသယဖြစ်ဖွယ်သတင်းပို့ချက် ပမာဏမှာလည်းလျော့နည်းသွားခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ သံသယဖြစ်ဖွယ်သတင်းပို့ချက် ထက်ဝက်ကျော်မှာ ရန်ကုန်တိုင်းဒေသကြီးမှ ဖြစ်ကြောင်း တွေ့ရှိရပြီး ရန်ကုန်မြို့မှာ မြန်မာနိုင်ငံ၏ အဓိကကျသည့် စီးပွားရေးလုပ်ငန်းများ၊ ပြည်တွင်းပြည်ပကုမ္ပဏီများ၊ စက်ရုံအလုပ်ရုံများ အများအပြားတည်ရှိခြင်းကြောင့် ငွေကြေးလည်ပတ်မှုအများဆုံးဒေသဖြစ်သည့်အတွက် သံသယဖြစ်ဖွယ်သတင်းပို့ချက် ပမာဏများပြားခြင်းဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့မှာ တရုတ်နိုင်ငံနှင့် ကုန်စည်တင်ပို့/တင်သွင်းမှုပြုလုပ်ရာတွင် အဓိကဖြတ်သန်းရာ ဒေသများဖြစ်ပြီး နယ်စပ်ကုန်သွယ်မှုပမာဏများပြားခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ ထိန်းချုပ်ရာဒေသများမှ နိုင်ငံ၏စီးပွားရေးအချက်အချာနေရာများသို့ ဝင်ထွက်ပေါက်ဒေသများအဖြစ် တည်ရှိနေခြင်းတို့ကြောင့် သံသယဖြစ်ဖွယ်သတင်းပို့ချက်များ များပြားနေခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

| No. Of STRs by Regions | | | | |
|---|---|---|---|---|
| Regions | 2019 | 2020 | 2021 | Total |

| | | | | |
|---|---|---|---|---|
| Kachin | 0 | 20 | 7 | 27 |
| Kayah | 0 | 4 | 0 | 4 |
| Kayin | 14 | 21 | 13 | 48 |
| Chin | 0 | 5 | 1 | 6 |
| Sagaing | 10 | 15 | 5 | 30 |
| Magwe | 2 | 4 | 4 | 10 |
| Mandalay | 19 | 110 | 53 | 182 |
| Bago | 11 | 7 | 11 | 29 |
| Tanintharyi | 4 | 3 | 2 | 9 |
| Ayewaddy | 11 | 3 | 9 | 23 |
| Yangon | 754 | 334 | 276 | 1364 |
| Mon | 0 | 7 | 12 | 19 |
| Rakhine | 110 | 100 | 0 | 210 |
| Shan | 86 | 109 | 39 | 194 |
| Nay Pyi Taw | 2 | 9 | 0 | 11 |

**သံသယဖြစ်ဖွယ်သတင်းပို့ချက်များ လက်ခံရရှိမှုသုံးသပ်ချက်**

၁၀။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့အနေဖြင့် ၂၀၂၂ ခုနှစ်တွင် သံသယဖြစ်ဖွယ် သတင်းပို့ချက် (Suspicious Transaction Report–STR) (၄၄၂)စောင် လက်ခံရရှိခဲ့ပါသည်။ သတင်းပို့ချက်များပါ သံသယဖြစ်ဖွယ်အကြောင်းအရာ ဖော်ပြချက်များကို ခွဲခြားစိစစ်သုံးသပ်ပါက အလုပ်အကိုင်နှင့်မလျော်ညီသည့် ငွေကြေးလွှဲပြောင်းဆောင်ရွက်မှုများ၊ ဟွန်ဒီနှင့်ဆက်နွယ်ကြောင်း တွေ့ရှိရသည့် လွှဲပြောင်းဆောင်ရွက်မှုများ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက စုံစမ်းမေးမြန်းသည့် ကိစ္စရပ်များနှင့်ဆက်နွယ်သည့် လွှဲပြောင်းဆောင်ရွက်မှုများ၊ ငွေကြေးလိမ်လည်မှုများနှင့် ဆက်နွယ်သည့်ကိစ္စရပ်များ မှတ်ပုံတင်ကဒ်အတုများ၊ အမည်ခံငွေစာရင်းများ အသုံးပြုခြင်းတို့ကြောင့် သံသယဖြစ်ဖွယ်သတင်းပို့ချက်အဖြစ် ပေးပို့လာခြင်းဖြစ်ပြီး သတင်းပို့ချက်အရည်အသွေး တိုးတက်လာကြောင်း တွေ့ရှိရပါသည်။

| No. Of STRs | | | |
|---|---|---|---|
| **Year** | **No. of STRs** | **Change (number)** | **Change (Percentage)** |
| 2019 | 1023 | – | – |
| 2020 | 754 | -269 ↓ | -26.3% ↓ |
| 2021 | 442 | -312 ↓ | -41.4% ↓ |

**တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသို့ ဖြန့်ဝေနိုင်မှုအား သုံးသပ်ချက်**

၁၁။ ၂၀၂၁ ခုနှစ်အတွင်း သံသယဖြစ်ဖွယ်သတင်းပို့ချက် (၄၄၂)စောင် ရရှိခဲ့ရာမှ (၉၄)စောင်အား တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်း (၆)ဖွဲ့သို့ ဖြန့်ဝေနိုင်ခဲ့ပါသည်။ ဖြန့်ဝေမှုများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ (၄)စောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းနှင့် ဥပဒေရေးရာဌာနကြီးသို့ သတင်းပို့ချက် (၆၁)စောင်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသို့ (၁၁)စောင်၊ မှုခင်းရဲတပ်ဖွဲ့သို့ (၁၀)စောင်၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ (၇)စောင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့သို့ (၁)စောင် ဖြန့်ဝေနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ သတင်းပို့ချက်များအပေါ် စိစစ်ရရှိချက်များအား ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ရာတွင် သက်ဆိုင်ရာတရားဥပဒေ စိုးမိုးရေးအဖွဲ့အစည်းများက စုံစမ်းစစ်ဆေးနေသည့်ကိစ္စများနှင့် ဆက်နွယ်နေသည့် သတင်းပို့ချက် (၆၄)စောင်နှင့် စောင့်ကြည့်စုံစမ်းဖော်ထုတ်ခြင်းဖြင့် ကြိုတင်ကာကွယ်မှုပြုလုပ်နိုင်ရန် သတင်း ပို့ချက် (၃၀)စောင်တို့အား ဖြန့်ဝေနိုင်ခဲ့ပါသည်။



## အကြံပြုတင်ပြချက်

၁၂။ ၂၀၂၁ ခုနှစ်အတွင်း ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က လက်ခံရရှိခဲ့သည့် သတင်းပို့ချက်အရေအတွက်မှာ ယခင်နှစ်များထက် လျော့နည်းခဲ့ကြောင်း တွေ့ရှိရသဖြင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လည်ပတ်မှုအပေါ် မူတည်၍ ကြီးကြပ်ရေးအာဏာပိုင်များအနေဖြင့် သတင်းပို့အဖွဲ့အစည်းများ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေ အပေါ် ကြပ်မတ်ဆောင်ရွက်ခြင်းများ ပိုမိုတိုးမြှင့်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

၁၃။ အခွန်ဆိုင်ရာပြစ်မှုများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြစ်မှုများ၊ အဂတိလိုက်စားမှုများ၊ မူးယစ်ဆေးဝါးဆိုင်ရာမှုခင်းများ၊ နယ်စပ်ဖြတ်ကျော် မှောင်ခိုမှုများတွင် ငွေကြေးခဝါချမှု သံသယ ဖြစ်ဖွယ်ရာများကို စိစစ်ဖော်ထုတ်၍ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်း ပေးပို့ခြင်းများအား တိုးမြှင့်ဆောင်ရွက်သင့်ပါသည်။

၁၄။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ပေးပို့လာသည့် သံသယဖြစ်ဖွယ်လွှဲပြောင်း ဆောင်ရွက်မှုသတင်းပို့ချက်များ၏ အရည်အသွေးများ တိုးတက်လာသော်လည်း ပေးပို့သည့် အရေအတွက် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် သံသယဖြစ်ဖွယ်လွှဲပြောင်းဆောင်ရွက်မှုများ ဖော်ထုတ်သတင်းပေးပို့နိုင်ရေး ပိုမိုကြီးကြပ်ဆောင်ရွက် ရမည်ဖြစ်ပါသည်။

၁၅။ ငွေပေးချေမှုနည်းလမ်းများအရ ငွေသားဖြင့်လွှဲပြောင်းဆောင်ရွက်မှုအရေအတွက်မှာ အများဆုံး ဖြစ်ရာ DNFBPs ကဏ္ဍ၌ ငွေသားအသုံးပြုမှုလျော့ချနိုင်ရန်အတွက် ကြီးကြပ်ရေးအာဏာပိုင်များမှ ပိုမိုကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၁၆။ သက်ဆိုင်ရာတရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအနေဖြင့် မူလပြစ်မှုများကို စုံစမ်းစစ်ဆေး ရာတွင် ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးခြင်းကိုပါ တစ်ပြိုင်တည်းဆောင်ရွက်ခြင်းအား ပိုမိုဆောင်ရွက် နိုင်ရန် နည်းလမ်းရှာဖွေဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

**နိဂုံး**

၁၇။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးစနစ်တွင် ပါဝင်ဆောင်ရွက်နေကြသည့် သတင်းပို့အဖွဲ့အစည်းများ၊ ကြီးကြပ်ရေးအာဏာပိုင်များ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အထက်ပါတွေ့ရှိအကြံပြုချက်များကိုပါ ထည့်သွင်းသုံးသပ်ဆောင်ရွက်ခြင်းဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများကိုပါ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

အဖွဲ့ခေါင်းဆောင်

ရဲမှူးချုပ် မျိုးသူစိုး

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

စာအမှတ်၊ ၄၂၃၆ (      )/ ၁၄-၀၁ / ဦး ၄

ရက်    စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇွန်လ      ရက်

**ဖြန့်ဝေခြင်း**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

ကြီးကြပ်ရေးအာဏာပိုင်များ

သတင်းပို့အဖွဲ့အစည်းများ

**မိတ္တူကို**

မြန်မာနိုင်ငံရဲတပ်ဖွဲ့

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန